စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ

ချီးမြှင့်အပ်နှင်းရေးဆိုင်ရာဥပဒေ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

(၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၄။)

၁၃၇၄ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၂ ခုနှစ် ၊ အောက်တိုဘာ လ ၉ ရက်)

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ဆိုသည်၊

(ဃ) **ဂုဏ်ထူးဆောင်လက်မှတ်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို ဆိုသည်၊

(င) **ဂုဏ်ထူးဆောင်ဆုပစ္စည်း** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆိုသည်။

အခန်း (၂)
ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း

၃။ ဂုဏ်ထူးဆောင် လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းကို အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များကို ချီးမြှင့်ရမည်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ခ) စစ်ကိုင်းတိုင်းဒေသကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြသည့် နိုင်ငံခြား တိုင်းပြည်များမှ သံတမန်များ၊ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး ၊ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် အခြားပညာရပ်တစ်ခုခုတွင် ထူးချွန်အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊

(စ) စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များ၊

(ဆ) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာအားထုတ် ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဇ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးခြားစွာ ကာကွယ်စောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဈ) ပညာရေး၊ အားကစားနှင့် ကာယပညာတွင် ထူးချွန်သူများနှင့်ထိုသို့ ထူးချွန်သူများ ထွက်ပေါ်အောင် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ။

အခန်း (၃)
ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

၄။ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၁)တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်း ပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးထံ ထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၂) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက် ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်း ပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံ တင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၃) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်း ပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတဆင့် တိုင်းဒေသကြီးဥပဒေချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးဥပဒေချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံ တင်ပြရန်။

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၄) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့်ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၈။ တပ်မတော်သားများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၅)တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာ တပ်စုမှူး/တပ်ခွဲမှူးတို့က တပ်မမှူး/တိုင်းမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တပ်မမှူး/တိုင်းမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၉။ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင် အဖွဲ့ဝင်များမှအပ အခြားပုဂ္ဂိုလ်များအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ(၆)တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ အုပ်ချုပ်ရေးမှူးက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

အခန်း (၄)
ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပြန်လည်ရုပ်သိမ်းခြင်း

၁၀။ ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ပြန်လည် ရုပ်သိမ်းခွင့်ရှိသည်-

(က) နိုင်ငံတော် သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုကျူးလွန်၍ တရားရုံးတစ်ခုခု၏ အပြစ်ပေး ခံရခြင်း၊

(ဂ) ဌာနဆိုင်ရာ အရေးယူခြင်းခံရပြီး အပြစ်ရှိကြောင်းပေါ်ပေါက်သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်း စသောပြစ်ဒဏ်တစ်ရပ်ရပ် ပေးခံရခြင်း၊

(ဃ) ဂုဏ်ထူးဆောင်လက်မှတ် ၊ဂုဏ်ထူးဆောင်ပစ္စည်း ချီးမြှင့်အပ်နှင်းခြင်း ခံထိုက်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြသည်နှင့်အညီ စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ထူးဆောင် လက်မှတ်၊ ဂုဏ်ထူးဆောင်ဆု ပစ္စည်း ချီးမြှင့်အပ်နှင်းပြီးနောက် မူလ ထောက်ခံချက်ပါ အချက်အလက် အကြောင်းအရာများနှင့် ပတ်သက်၍ မမှန်မကန် တင်ပြမှုပြုခဲ့ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(င) နိုင်ငံတော်နှင့်စစ်ကိုင်းတိုင်းဒေသကြီး၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူခြင်း၊ ပြောဆိုခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းတွေ့ရှိ ပေါ်ပေါက်ခြင်း၊

(စ) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းအား ပြန်လည် ရုပ်သိမ်းသင့်သည့် လုံလောက်သော အကြောင်း အချက် တစ်ရပ်ရပ် တွေ့ရှိပေါ်ပေါက်ခြင်း။

အခန်း (၅)
အထွေထွေ

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့် အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်း မရှိစေကာမူ အထူးထိုက်သင့်သောကိစ္စရပ်များ အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင် လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်း သင့်ကြောင်း တွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ချီးမြှင့်အပ်နှင်း နိုင်သည်။

၁၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလို့ငှာ အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုး သည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

နောက်ဆက်တွဲ ပုံစံ (၁)

ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား
ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ---
လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ---
ဆုပစ္စည်း ---

၂။ (က) အမည် ---
(ခ) အဘအမည် ---
(ဂ) အသက် ---
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---
(င) အဆင့်/တာဝန် ---
(စ) လုပ်ငန်းဌာန ---
(ဆ) နေရပ်လိပ်စာ ---

၃။ သက်ဆိုင်ရာကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး -------------------------------------
ဌာန -------------------------------------
ရပ်ကွက်/ကျေးရွာအုပ်စု-------------------------------------

ရက်စွဲ ။--------------------------------

၄။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --

ဌာန --

ရက်စွဲ ၊----------------------------------

၅။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --

ဌာန --

ရက်စွဲ ၊-------------------------------------

၆။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --

ဌာန --

ရက်စွဲ ၊--------------------------------------

၇။ သက်ဆိုင်ရာဝန်ကြီး၏ ထောက်ခံချက် ။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

---------------------------------ဝန်ကြီးဌာန

ရက်စွဲ ၊---

နောက်ဆက်တွဲ ပုံစံ (၂)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ---

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ---

ဆုပစ္စည်း ---

၂။ (က) အမည် ---

(ခ) အဘအမည် ---

(ဂ) အသက် ---

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---

(င) အဆင့်/တာဝန် ---

(စ) လုပ်ငန်းဌာန ---

(ဆ) နေရပ်လိပ်စာ ---

၃။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --------------------------------------

ဌာန --------------------------------------

ရက်စွဲ ။--------------------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---

ဌာန ---

ရက်စွဲ ၊----------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။
(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---

ဌာန ---

ရက်စွဲ ၊-------------------------------------

၆။ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။
(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်

ရက်စွဲ ၊--------------------------------------

နောက်ဆက်တွဲ ပုံစံ (၃)

ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် --

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် --

ဆုပစ္စည်း --

၂။ (က) အမည် --

(ခ) အဘအမည် --

(ဂ) အသက် --

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် --

(င) အဆင့်/တာဝန် --

(စ) လုပ်ငန်းဌာန --

(ဆ) နေရပ်လိပ်စာ --

၃။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ၊-------------------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --

ဌာန --

ရက်စွဲ ၊---------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --

ဌာန --

ရက်စွဲ ၊------------------------------------

၆။ တိုင်းဒေသကြီးဥပဒေချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တိုင်းဒေသကြီးဥပဒေချုပ်

ရက်စွဲ ၊-------------------------------------

နောက်ဆက်တွဲ ပုံစံ (၄)

ပြည်ထောင်စုစာရင်းစစ်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် --

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် --

ဆုပစ္စည်း --

၂။ (က) အမည် --

(ခ) အဘအမည် --

(ဂ) အသက် --

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် --

(င) အဆင့်/တာဝန် --

(စ) လုပ်ငန်းဌာန --

(ဆ) နေရပ်လိပ်စာ --

၃။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --

ဌာန --

ရက်စွဲ ။---------------------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --

ဌာန --

ရက်စွဲ ၊------------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --

ဌာန --

ရက်စွဲ ၊---------------------------------------

၆။ တိုင်းဒေသကြီးစာရင်းစစ်ချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ရက်စွဲ ၊---

တပ်မတော်သားများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ---

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ---

ဆုပစ္စည်း ---

၂။ (က) ကိုယ်ပိုင်အမှတ် ---

(ခ) အဆင့် ---

(ဂ) အမည် ---

(ဃ) အသက် ---

(င) အမှုထမ်းသက် ---

(စ) တပ်ဖွဲ့ ---

၃။ တပ်စုမှူး /တပ်ခွဲမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်စုမှူး / တပ်ခွဲမှူး

ရက်စွဲ ၊--------------------------------

၄။ တပ်ရင်းမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တပ်ရင်းမှူး

ရက်စွဲ ၊-----------------------------------

၅။ တပ်မမှူး/တိုင်းမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်မမှူး/တိုင်းမှူး

ရက်စွဲ ၊--------------------------------------

နောက်ဆက်တွဲ ပုံစံ (၆)

အခြားပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ဆုပစ္စည်း ---

၂။ (က) အမည် ---

(ခ) အဘအမည် ---

(ဂ) အသက် ---

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---

(င) အဆင့်/တာဝန် ---

(စ) လုပ်ငန်းဌာန ---

(ဆ) နေရပ်လိပ်စာ ---

၃။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

----------------------------ရပ်ကွက်/ကျေးရွာအုပ်စု

ရက်စွဲ ၊--------------------------------

၄။ မြို့နယ်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

မြို့နယ်အုပ်ချုပ်ရေးမှူး

-------------------မြို့နယ်

ရက်စွဲ ။-----------------------------------

၅။ ခရိုင်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ခရိုင်အုပ်ချုပ်ရေးမှူး

---------------------ခရိုင်

ရက်စွဲ ။---------------------------------------

၆။ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက အကျိုးကြောင်းဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး

ရက်စွဲ ။--